# သဲပွင့်ကို ပုလဲဖြစ်အောင်

## ချစ်နိုင် (စိတ်ပညာ)

**WE DEVELOP LEADERS**
**WHO DEVELOP PEOPLE**
**WHO DEVELOP BUSINESS.**

## ချစ်နိုင်(စိတ်ပညာ)၏ အမှာစာ

အပြောင်းအလဲများသည် မြန်ဆန်လှပါသည်။

မျက်စိအောက်မှာပင် လျင်မြန်စွာ အရာရာသည် ပြောင်းလဲနေသဖြင့် အထူးပြော ဖွယ် မလိုတော့ပြီ။

လျင်မြန်သော ပြောင်းလဲမှုအရှိန်အဟုန်သည် ကျွန်ုပ်တို့ကို နရီ စည်းချက်မြန်ဆန် အောင် လှုံ့ဆော်နေပါသည်။ သွက်လက်မြန်ဆန်အောင် တောင်းဆိုနေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ခြေလှမ်းမြန်မြန် လှမ်းကြရသည်။ သုတ်သုတ်သွက်သွက် ရွေ့လျားချီတက် ကြရသည်။

ကောင်းပါပြီ။ မည်သည့်အရပ်မျက်နှာဆီသို့ ရှေးရှုဦးတည်ကာ သွက်လက်မြန်ဆန် စွာ သွားနေကြတာပါလဲ။ ဦးတည်ချက်က ဘာလဲ။

မျက်စိလည်ပြီး လာခဲ့ရာ နောက်ကြောင်းဆီကို ပြန်လှည့်ကာ မြန်ဆန်သွက်လက်စွာ ပြေးနေခြင်းသာဆိုပါက မည်မျှ ဝမ်းနည်းစရာ ကောင်းလိုက်ပါမည်နည်း။ နောက်ကျကျန်ရစ် ပေဦးမည်။

ခေတ်မီဖို့၊ တိုးတက်ဖွံ့ဖြိုးဖို့ ဦးတည်ကြရမည်။ လျှပ်ပေါ်လော်လည်ဖို့၊ ကလက်တက် တက်တွေ ဝတ်စားပြီး အရှက်မရှိ စည်းစိမ်ခံဖို့ မိမိတို့ ပြောင်းလဲကြရန် မဟုတ်ပါ။

အနှစ်နှင့် အကာကို ခွဲခြားနားလည်ကြရမည့် အချိန် ရောက်ပါပြီ။ စိတ်ထားမြင့်မား ရမည်။

နှစ်ဆယ့်တစ်ရာစုထဲ ရောက်လာပြီးနောက် လူငယ်အချို့သည် သကြ်န်ရေပက်ခံ ဝတ်စုံမျိုးကို ခရီးသွားရာနှင့် ပွဲနေပွဲထိုင်တို့မှာ ဝတ်ဆင်လာခဲ့ကြသည်။ ၂၀၀၆၊ ၂၀၀၇ ကာလများက ဖြစ်ပါသည်။ လူကြီးမိဘတွေက အဝတ်အစား အဆင်အယင် အမြင်မတော် သည်ကို ပဲ့ပြင်ဆုံးမကြသဖြင့် ၂၀၀၈ နှင့် ၂၀၀၉ ကာလများတွင် လူငယ်များ၏ ဝတ်စား ဆင်ယင်မှုသည် ဣန္ဒြေရလာပါသည်။ ယဉ်ကျေးလာပါသည်။ အမျိုးသားဟန် ပိုမိုဆန်လာ ကြပါသည်။ ကောင်းသောပြောင်းလဲမှုသို့ မြန်ဆန်စွာ ရွေ့လျားသည့် သဘောကို မြင်တွေ့ခဲ့ ရပါသည်။ ဝမ်းသာစရာပါပေ။

လူငယ်တွေ ခေတ်မီတိုးတက်ဖို့ဆိုသည်မှာ အယူအဆ၊ အတွေးအမြင်၊ အသိဉာဏ် အရည်အသွေး၊ ဗဟုသုတပြည့်ဝပြီး ရေရှည်ကို မြော်မြင်တတ်ဖို့ လိုအပ်ပါသည်။ အသိဉာဏ် နည်းစွာ နေရာတကာမှာ သူများနောက်ကလိုက်ပြီး အတုခိုးနေရုံမျှနှင့် ကိုယ်ပိုင်ဘဝကို တန်ဖိုးရှိစွာ မထူထောင်နိုင်။

ဒုတိယဖိုးစိန်ဖြစ်ဖို့လောက်သာ မျှော်မှန်းလျှင် မျောက်ဖိုးစိန်ဘဝ ကျရောက်ရလိမ့် မည်။ လမ်းဘေးမှာ လင်ကွင်းလေးတချမ်းချမ်းနှင့် ကရလိမ့်မည်။ ဒါမျိုးနှင့် ကျေနပ်မနေရ။

ပထမ ရွှေမန်းတင်မောင်ဖြစ်အောင် ကြိုးစားရမည်။ ပထမ မြို့တော်သိန်းအောင် အဖြစ် တီထွင်ဆန်းသစ်အောင် လုပ်ဆောင်ကြရမည်။

ကျွန်ုပ်တို့ အတွေ့အကြုံတွေကို ယူပါ။ ကျွန်ုပ်တို့ ပခုံးပေါ်တက်ကြပါ။ ကျွန်ုပ်တို့ ထက် မြင့်မားသော အမြော်အမြင်ဖြင့် ရှေ့ကို ဝေးဝေးကြည့်မြင်ကြစေလိုပါသည်။

သင်တို့ ဖိနပ်ရာဖြင့် မိမိတို့ပခုံးတွေ နာချင်နာပါစေ။ နာကျင်သော်လည်း ကျေနပ်ပြုံး ရွှင်နိုင်ပါသည်။ နောင်လာနောက်သား မျိုးဆက်သစ်များကို တိုးတက်အောင်မြင်စေချင်ပါ သည်။ စေတနာအမှန်ပါ။

ဤစာအုပ်သည် ၂ဝဝ၈-၂ဝဝ၉ ကာလအတွင်း ကျွန်တော် အခါအားလျော်စွာ ရေး သားခဲ့သည့်စာများ ဖြစ်ကြပါသည်။ (၈၂)အုပ်မြောက် ဤစာအုပ်သည် လူငယ်များအတွက် ရည်ညွှန်းပါသည်။ လူငယ်များ ဤစာအုပ်မျိုးကို ဖတ်ပြီး အသိနိုးကြားစေသည်၊ အတွေး အခေါ် ရင့်ကျက်စေသည်၊ ကောင်းကျိုးရရှိစေသည်ဆိုလျှင် စာရေးသူက ကျေနပ်လှပါပြီ။ မှန်၏ ။ ချစ်သဖြင့် ရေးသည့်စာ။

အမုန်းမပါ။

အပြစ်ဖွဲ့စကား မပါ။ သဲပွင့်ကို ပုလဲဖြစ်အောင် အားပေးသောစာ၊ အနာဂတ်ကို ပိုင်စိုး သူတို့အတွက် အာဟာရပြည့်ဝသည့် အားဆေးတစ်ခွက်အနေနှင့် ဖြစ်ပါသည်။

ကျေးဇူးတင်ပါသည်။

**လေးစားချစ်ခင်စွာ**

**ချစ်နိုင်(စိတ်ပညာ)**

**၁.၆.၂၀၀၉**

*

ဟောပြောပွဲ ပရိတ်သတ်တစ်ဦးထံမှ စာ

## **တမ်းတနေကြလျက်ပါ**

## **ဆရာချစ်နိုင်(စိတ်ပညာ)**

လူတစ်ယောက်ကို ယမမင်းက ရောက်ဖူး၊ မြင်ဖူးအောင် ခေါ်သွားပါတယ်။ တစ်နေ ရာမှာ လူတွေဟာ ပိန်ချုံး၊ ညှိုးနွမ်း၊ စိတ်ညစ်၊ စိတ်တို၊ အလိုမကျ ဒေါပွနေကြသည်။ စားပွဲ ပေါ်မှာ စားကောင်းသောက်ဖွယ်မျိုးစုံ ရှိနေပေမယ့် သူတို့ရဲ့ လက်နှစ်ဖက်မှာ လေးပေစီ ရှည်လျားတဲ့ ခက်ရင်းနဲ့ ဓားက အထပ်ထပ် ကြိုးစည်းထားလို့ မိမိတို့ ပါးစပ်ထဲသို့ ခွံ့၍ မရ၊ စားလို့မရ၊ ဒုက္ခဖြစ်ပြီး ငတ်မွတ်ဆာလောင်နေကြသတဲ့ကွယ်။ အဲဒါ ငရဲ။ နောက်တစ်နေရာ ရောက်တော့လည်း အလားတူပါပဲ။ စားပွဲပေါ်မှာ စားစရာ၊ သောက်စရာအပြည့်အစုံနဲ့ ယခင် နေရာလိုပါပဲ။ သို့သော် လူတွေကတော့ ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်နဲ့။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မိမိကိုယ်တိုင်ခွံ့စားလို့မရတဲ့ လေးပေရှည်လျားတဲ့ ခက်ရင်းနဲ့ ထမင်းစားဓားတို့ ကိုပင် အသုံးပြုပြီး သူတစ်ပါးတို့ကို ခွံ့ကျွေးပေးနေတာကြောင့်ပါ။

ဘယ်သူမှ မစားရဘူးလို့ မရှိ။ အပြန်အလှန် ခွံ့ကျွေးကြပြီး အားလုံးဟာ ပျော်ရွှင်နေ ကြတယ်။ သီဆိုကခုန်လို့တောင် နေကြသတဲ့။ အဲဒါဟာ ကောင်းကင်ဘုံတဲ့လေ။ ငရဲနဲ့ ကောင်းကင်ဘုံရဲ့ အဓိကကွာခြားချက်က အခြေအနေမဟုတ်ဘူး။ အခြေအနေက အားလုံး အတူတူပဲ။ လုံးဝမကွဲပြားဘူး။

ခြားနားချက်က တစ်ခုတည်းပါ။ လူတွေရဲ့ စိတ်သဘောထား အမြင်မှာ မေတ္တာ ပါ၊ မပါ။ ငါမှငါ၊ ငါ့အတွက်သာ စဉ်းစားလုပ်ဆောင်မှုနဲ့ မိမိနဲ့ သူတစ်ပါး။ လူအများဟာ တစ်သားတည်းပါလားလို့ မျှတစွာ ခံယူတတ်တဲ့အမြင်။ အဲဒါက ဘဝကို ကွဲပြား စေတယ်။

အထက်ပါ စာပေစကားများကတော့ စာရေးသူတို့ မန်ကျည်းစောက်ကျေးရွာတွင် ပထမအကြိမ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲမှာ စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏ လူဖြစ်ရတဲ့ ရည်ရွယ်ချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောခဲ့သော စာပေစကား များ ဖြစ်သည်။ ဆရာချစ်နိုင်(စိတ်ပညာ)သည် စာရေးသူတို့ မန်ကျည်းစောက်ကျေးရွာသို့ နှစ်ကြိမ်ရောက်ခဲ့ဖူးပြီဖြစ်သည်။ ပထမအကြိမ် ရောက်ခဲ့ရခြင်းအကြောင်းက ဤသို့ဖြစ်၏ ။ ဒီပဲယင်းမြို့နယ်၊ မန်ကျည်းစောက်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး စာကြည့် တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာပေဟောပြောပွဲ ဖိတ်ကြားသဖြင့် ၁၃.၁.၂၀၀၈ နေ့တွင် ပထမအကြိမ် ရောက်ရှိခဲ့သည်။

ဆရာချစ်နိုင်(စိတ်ပညာ)သည် ထိုအချိန်က ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်နှင့် နေပြည်တော်တွင် တာဝန် ထမ်းဆောင်လျက်ရှိသောအချိန် ဖြစ်သည်။ ထိုအချိန်တွင် အမှတ် ၂၇၊ မဥ္ဇူလမ်း၊ ပါရမီရိပ် သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်ကြသော စာရေးသူတို့၏ အဘ ဇေယျကျော် ထင် ဗိုလ်မှူး မျိုးတင့်(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ဝင်းကြည်တို့သည် မန်ကျည်းစောက်ရွာသို့ လာ ရောက်ကြ၍ နိမ့်ကျလျက်ရှိသော ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာ သာသနာရေးတို့ကို ဘက်စုံဖွံ့ဖြိုးအောင် လူအား၊ ငွေအား၊ ဉာဏ်အားတို့ဖြင့် စိုက် ထုတ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ၏ ။ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)သည် သူ၏ ကိုယ်ပိုင်စာကြည့်တိုက်မှ စာအုပ်များကို ထောင်နှင့်ချီ၍ လှူဒါန်း သည်။ စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန်

သိန်းဂဏန်းနှင့်ချီ မတည်လှူ ဒါန်းခြင်း၊ အခြားစေတနာရှင် အလှူရှင်များထံမှ စည်းရုံး၍ အလှူခံပေးခြင်း၊ ရန်ပုံငွေရရှိရေး အတွက် အကြံပြုလမ်းညွှန်မှုတို့ကြောင့် ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ် ကို အောင်မြင်စွာ ဆောက်လုပ်နိုင်ခဲ့သည်။ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲပါ ကျင်းပပြုလုပ်ရန် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က ပြန်ကြားရေးနှင့် ပြည် သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်၊ တပ်မတော်(ကြည်း)တွင် ဒုတိယ ဗိုလ်မှူးကြီးအဖြစ်နှင့် (၂၇)နှစ် အမှုထမ်းခဲ့သော ဒုတိယဗိုလ်မှူးကြီးဟောင်းလည်းဖြစ်၊ နိုင်ငံ ကျော် အမျိုးသားစာပေဆုရ စာရေးဆရာလည်းဖြစ်သော ချစ်နိုင်(စိတ်ပညာ)အား ဆက်သွယ် ဖိတ်ကြားခဲ့သဖြင့် ဆရာချစ်နိုင်(စိတ်ပညာ)သည် မန်ကျည်းစောက်ကျေးရွာသို့ ၁၃.၁.၂၀၀၈ နေ့ နံနက် ၈ နာရီ ၄၅ မိနစ်အခန်တွင် နိုင်ငံကျော်စာရေးဆရာလယ်တွင်းသား စောချစ်၊ အံ့မောင်(မုံရွာ)တို့နှင့်အတူ ပထမအကြိမ် ရောက်ရှိခဲ့ကြသည်။ ဆရာချစ်နိုင်(စိတ်ပညာ)နှင့် စာရေးဆရာကြီးများ ရောက်လာကြပြီး ခဏနားနေ၍ ထိုနေ့နံနက်(၉)နာရီ တိတိ အချိန်တွင် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဒီပဲယင်းမြို့နယ်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်၊ ဇေယျကျော်ထင် ဗိုလ်မှူး မျိုးတင့်(ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပါသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ ရွှေဘိုခရိုင် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းချို၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးများနှင့် ဌာနဆိုင်ရာများ၊ ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးဝင်းကြည်နှင့်

လက်ထောက်ပညာရေးမှူးများ တက်ရောက်ချီးမြှင့်ကြသည်။ ဒီပဲယင်းမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြတင်၊ ရုပ်သံ(၃) ဦးအောင်လင်း၊ စာထောက် (၃) ဒေါ်မြင့်မြင့်အေးနှင့် ကိုသိန်းထွန်းတို့မှ စာကြည့်တိုက်လုပ်ထုံးလုပ်နည်း လုပ်ငန်းများ နှင့် စာကြည့်တိုက်ဖွင့်ပွဲ လုပ်ငန်းများကို အားသွန်ခွန်စိုက် ကူညီဆောင်ရွက်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်ပြီးလျှင် ရောင်ခြည်ဦးစာကြည့်တိုက်အတွင်း အခမ်းအနားတွင် ညွှန်ကြားရေး မှူးချုပ် ဦးချစ်နိုင်နှင့် ဆရာ လယ်တွင်းသားစောချစ်၊ အံ့မောင်(မုံရွာ)၊ ခ.ယ.က ဥက္ကဋ္ဌ ဦးအုန်းချို၊ မ.ယ.က ဥက္ကဋ္ဌ ဦးကျော်နိုင်တို့ နေရာယူပြီးကြလျှင် ဖိတ်ကြားထားသော မြို့နယ် အမျိုးသမီးရေးရာကော်မတီများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ တက် ရောက်လာကြသော ဧည့်သည်တော်များ နေရာယူကြပြီး အခမ်းအနား စတင်ကျင်းပပါသည်။

အခမ်းအနားတွင် ခ.ယ.က ဥက္ကဋ္ဌ ဦးအုန်းချိုက ဦးစွာ အမှာစကားပြောကြားပါ သည်။ ထို့နောက် စာရေးသူက ရောင်ခြည်ဦးစာကြည့်တိုက် စတင်ထူထောင်ခဲ့ပုံနှင့် စာကြည့် တိုက် အဆောက်အအုံသစ် ဆောက်လုပ်ဖြစ်ပေါ်လာပုံ၊ မန်ကျည်းစောက်ကျေးရွာ၏ ယခင် က အခြေအနေများနှင့် ယခု မျက်မှောက်ကာလ အခြေအနေများကို အကျယ်တဝင့် ရှင်း လင်းတင်ပြရသည်။ ဆက်လက်၍ ပဒေသာပင်များ၏ ကော်မတီဥက္ကဋ္ဌ ဦးညွှန့်ဝေက ပဒေ သာပင်များ စိုက်ထူခဲ့ပုံနှင့် ယခုလက်ရှိ အခြေအနေများကို ရှင်းလင်းတင်ပြ၏ ။ နောက်ဆုံး မှာ အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က မန်ကျည်းစောက်ကျေးရွာသို့ အဂ္ဂီစိစက်ရေတွင်း တူး ဖော်လှူဒါန်းရာမှ ရောက်ရှိလာခဲ့ရာ ရွာသူရွာသားတို့၏ ပညာရေးမဖွံ့ဖြိုးမှု၊ စီးပွားရေးမဖွံ့ ဖြိုးမှု၊ အစစအရာရာ မဖွံ့ဖြိုးမှုများကို တွေ့မြင်ရ၍ စိတ်မကောင်းဖြစ်ခဲ့ရပုံ၊ ရွာသူရွာသားတွေ ၏ စိတ်နေစိတ်ထား ပကတိ ရိုးသားဖြူစင်ကြပုံများကို ဒိဋ္ဌတွေ့မြင်ရသဖြင့် ရွာသူရွာသား တွေ၏ ဘဝ

မြင့်မားဖွံ့ဖြိုးတိုးတက်စေရန် အဝေးရောက်ရွာသားကြီးအဖြစ်ခံယူ၍ လုပ်ကိုင်ဆောင်ရွက်ပေးနေပုံများကို ပြောရင်း ရွာသူရွာသားအပေါ်၌ သနားကြင်နာသော ကရုဏာ မျက်ရည်များ သွင်သွင်စီးကျလျက် ရှင်းလင်းတင်ပြပြီးတော့ အခမ်းအနားကို ရုပ်သိမ်းလိုက် ပါသည်။ အခမ်းအနား ရုပ်သိမ်းပြီးလျှင် ထမင်းစားကြ၏ ။

ပြီးလျှင် နေ့လယ် ၁၂ နာရီအချိန်တွင် စာပေဟောပြောပွဲ စတင်၍ ဟောပြောကြ၏ ။ ဆရာချစ်နိုင်(စိတ်ပညာ) ပထမ-လူဖြစ်ရတဲ့ ရည်ရွယ်ချက်၊ ဆရာအံ့မောင်(မုံရွာ)က ကဗျာ လမ်း၊ ဆရာ လယ်တွင်းသားစောချစ်က စာမှဘဝ၊ ဘဝမှစာ ဆိုတဲ့ ခေါင်းစဉ်တို့ဖြင့် ဟော ပြောကြ၏ ။ ဆရာချစ်နိုင်(စိတ်ပညာ)သည် စာပေဟောပြောရာတွင် မျိုးဆက်သစ်လူငယ် ကျောင်းသူ၊ ကျောင်းသားလေးများအား အခြေခံပညာများနှင့် အဆင့်မြင့်ပညာများ၊ အင်္ဂလိပ် စာများကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန်၊ ကျောင်းစာတွင်မျှမက ပြင်ပ ဗဟုသုတစာပေများကိုလည်း များများဖတ်၊ များများလေ့လာဆည်းပူးကြရန် စာပေ ဟောပြောပွဲမှာ ဟောပြော၏ ။ မျိုးဆက်သစ်လူငယ်လေးတွေအား ထူးချွန်ထက်မြက်သူတွေ ဖြစ်ကြရန် စေတနာဆန္ဒ အပြည့်အဝထားရှိသော စာရေးဆရာကြီး တစ်ဦးဖြစ်သည်။

ဆရာချစ်နိုင်(စိတ်ပညာ)၏ မျက်နှာသည် အခါခပ်သိမ်းပြုံးရွှင်ကြည်လင်နေ၏ ။ သူ့ နှလုံးသားမှ ဖြူစင်သောစေတနာနှင့် မေတ္တာတရားတို့၏ အရိပ်အယောင်များဖြစ်၏ ။ ရာထူး ဂုဏ်အရှိန်အဝါတို့ဖြင့် မောက်မာထောင်လွှားမှုမရှိ။ သူတစ်ပါးတို့အား သနားကြင်နာသော ကရုဏာတရားထားရှိသည်ကို မြင်တွေ့ရ၏ ။ အစစအရာရာ နိမ့်ကျလှသောဘဝတွင် ရပ်တည် နေကြရသော တောသူ၊ တောင်သားတွေအပေါ်၌ ဖော်ဖော်ရွေရွေ၊ ခင်ခင်မင်မင်၊ ရင်းရင်းနှီး နှီး ဆက်ဆံ၏ ။ ထည်ထည်ဝါဝါ မနေ။ ပညာရှိ ပီသလှသည်။ အလွန်ကြည်ညိုလေးစားစရာ ကောင်းလှ၏ ။ လူ့ဘဝတွင်

အောက်ဆုံးအလွှာမှ အညတရ ဖြစ်သော စာရေးသူကိုပင်လျှင် ကျောပွတ်လက်သပ်ခင်မင်ကြင်နာစွာ ဆက်ဆံမှုပြု၏။ သူ့ကိုလည်း ခင်မင်ရင်းနှီးစွာ ဆက်ဆံ ခွင့်ပေးသည်။

ဂမ်းမြောက်ဂုဏ်ယူမိ၏။ ပညာရှိကို ခင်မင်ဆည်းကပ်ခွင့်ရရှိသောကြောင့် ဖြစ်သည်။ သို့သော် ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ပထမအကြိမ် တွေ့ဆုံဆည်းကပ်ခွင့်ရသည်မှာ အချိန် က နည်းလှ၏။ အဘယ်ကြောင့်ဟူမူ ပြန်/ဆက်ညွှန်ချုပ် လုပ်ငန်းတာဝန်ခရီးနှင့် စာပေဟော ပြောရန် စာပေခရီးစဉ်များကို ရှေ့ဆက်၍ ဆောင်ရွက်ရဦးမှာ ဖြစ်သောကြောင့်ပင်တည်း။ ဆရာချစ်နိုင်(စိတ်ပညာ)၏ ၂၀၀၈ ခုနှစ် ပထမအကြိမ် တွေ့ဆုံရစဉ်က ခရီးစဉ်များမှာ အောက်ပါအတိုင်း ဖြစ်၏။

၁၀.၁.၂၀၀၈ နေ့တွင် နေပြည်တော်မှ အလွှကပ္ပကျေးရွာသို့ ရောက်ရှိ၍ စာပေ ဟောပြောပွဲတွင် စာပေဟောပြောသည်။ ထိုနေ့မှာတင် အလွှကပ္ပရွာမှ မြင်းမူမြို့သွား ရောက်ကာ စာပေဟောပြောပြီး မြင်းမူမြို့တွင် ညအိပ်ရပ်နားသည်။ ၁၁.၁.၂၀၀၈ နေ့ မြင်းမူမြို့မှ မုံရွာမြို့သို့ ထွက်ခွာခဲ့၍ မုံရွာမြို့တော်ခန်းမတွင် စာပေဟောပြောသည်။ ထိုနေ့ မှာတင် မုံရွာမြို့မှ ခင်မွန်ကျေးရွာသို့ သွားရောက်၍ စာပေဟောပြောသည်။ ပြီးလျှင် မုံရွာ မြို့သို့ ပြန်လာခဲ့ကာ မုံရွာမြို့တွင် ညအိပ်ရပ်နားသည်။ ၁၂.၁.၂၀၀၈ နေ့ မုံရွာမှ ဘုတလင် သို့ သွားရောက်ပြီး စာပေဟောပြောသည်။ ထိုနေ့တွင် ဘုတလင်မြို့မှ ဆားလင်းကြီးမြို့ နယ် အမှတ်(၁) ကြေးနီစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။ ထိုနေ့မှာပဲ အမှတ်(၁) ကြေးနီတွင် စာပေဟောပြောပြီး ညအိပ်ရပ်နားသည်။ ၁၃.၁.၂၀၀၈ နေ့ ဆားလင်းကြီးမြို့နယ် အမှတ်(၁) ကြေးနီးမှ ဒီပဲယင်းမြို့နယ်၊ မန်ကျည်းစောက်ကျေးရွာသို့ ထွက်ခွာခဲ့၍ မန်ကျည်းစောက်ကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက် ချီးမြှင့်သည်။ ထိုနေ့ မန်ကျည်းစောက်ကျေးရွာ စိတြရံသီ ဘုန်းတော်ကြီးကျောင်းအတွင်း၌ စာပေဟောပြောသည်။ ထိုနေ့

ညနေ(၄)နာရီအချိန် ဒီပဲယင်းမြို့နယ်၊ မန်ကျည်းစောက် ကျေးရွာမှ၊ ရေဦးမြို့နယ် တင်းတိန်ရုံကျေးရွာသို့ သွားရောက်ပြီး စာပေဟောပြောသည်။ တင်းတိန်ရုံကျေးရွာ စာပေဟောပြောပွဲပြီးလျှင် ရေဦးမြို့သို့ သွားရောက်ညအိပ်နားသည်။ ၁၄.၁.၂၀၀၈ နေ့ ရေဦးမြို့မှ ခင်ဦးမြို့နယ်၊ မြင်းဒေါင်းကျေးရွာသို့ သွားရောက်၍ စာပေ ဟောပြောသည်။ မြင်းဒေါင်းစာပေဟောပြောပွဲပြီးလျှင် မြင်းဒေါင်းရွာမှ ဆိပ်ခွန်ကျေးရွာသို့ သွားရောက်၍ စာပေဟောပြောသည်။ ဆိပ်ခွန်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့၍ ရွှေဘိုမြို့ တွင် ညအိပ်ရပ်နားသည်။ ၁၅.၁.၂၀၀၈ နေ့ ရွှေဘိုမြို့မှ ကျောက်မြောင်းရွာသို့ သွားရောက် စာပေဟောပြောခဲ့ပြီး ထိုနေ့တွင် ကျောက်မြောင်းမှ ဝက်လက်မြို့နယ်၊ လှတောကျေးရွာသို့ စာပေဟောပြောပြီး လှတောကျေးရွာမှ ရွှေဘိုမြို့သို့ ပြန်ရောက် ညအိပ်ရပ်နားသည်။ ၁၆.၁.၂၀၀၈ နေ့ ရွှေဘိုမြို့မှ ဝက်လက်မြို့နယ်၊ ရွှေပန်းကုန်းကျေးရွာသို့ သွားရောက်စာပေ ဟောပြော၍ ပြီးလျှင် ရွှေပန်းကုန်းကျေးရွာမှ စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာသို့ ထွက်ခွာခဲ့၍ အုန်းတော ကျေးရွာတွင် စာပေဟောပြောပြီး စစ်ကိုင်းမြို့တွင် ညအိပ်ရပ်နား သည်။ ၁၇.၁.၂၀၀၈ နေ့ စစ်ကိုင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားပါတော့ သည်။ ဆရာချစ်နိုင်(စိတ်ပညာ) သို့မဟုတ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ပထမအကြိမ် တွေ့ဆုံရစဉ်က သသူ၏ ခရီးစဉ်များ ဖြစ်သည်။

ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ပထမအကြိမ် တွေ့ဆုံရခြင်းကား အချိန်တိုတောင်းလှပါ သည်။ ၁၃.၁.၂၀၀၈ နေ့၊ နံနက် ၈ နာရီ ၄၅ မိနစ်ရောက်၊ ညနေ ၄ နာရီအချိန် ရေဦးမြို့ နယ်၊ တင်းတိန်ရုံကျေးရွာသို့ ကူးဆက်ထွက်ခွာသွားသောကြောင့် ဖြစ်၏ ။

ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့ရပြန်ပါသည်။ တွေ့ဆုံရခြင်း အကြောင်းကတော့ ၁၃.၁.၂၀၀၈ နေ့ စာပေဟောပြောပွဲမှ ပြန်သွားကြပြီးနောက် စာရေးသူ က ဆရာချစ်နိုင်(စိတ်ပညာ)ထံသို့ ၁၇.၁.၂၀၀၈

နေ့က စာတစ်စောင် ၄.၂.၂၀၀၈ နေ့က စာတစ်စောင်တို့ကို ရေးသားပေးခဲ့သည်။ ရေးသားပေးပို့ခဲ့သော စာထဲတွင် ဤသို့ ရေးလိုက် ၏ ။

ဗိုလ်မှူးကြီး ခင်ဗျား၊ ကျွန်တော်တို့ ၁၃.၁.၂၀၀၈ နေ့က ကျင်းပပြုလုပ်ခဲ့သော စာပေ ဟောပြောပွဲ၏ အကျိုးရလဒ်တွေ မြောက်မြားစွာ ရရှိခဲ့ပါသည်။ လူငယ်အများစုတို့သည် စာပေဟောပြောပွဲပြီးတဲ့နောက် ယခုအချိန်တွင် စာပေများကို စိတ်ဝင်တစား အတော်များ များ ဖတ်ရှုနေကြပြီဖြစ်ပါတယ် ခင်ဗျား။ အထူးသဖြင့် ဗိုလ်မှူးကြီး ရေးသားသော စာအုပ်များနှင့် ဆရာကြီး လယ်တွင်းသားစောချစ် စာအုပ်များကို နေ့စဉ် အထူးဖတ်ရှုနေကြပါပြီ။ ဒါဟာ စာပေဟောပြောပွဲ၏ အကျိုးရလဒ်တွေ ဖြစ်ပါတယ်။ သို့ဖြစ်ခြင်းကြောင့် ကျွန်တော်တို့ ရှေ့လာမည့်နှစ်မှာလည်း စာပေဟောပြောပွဲ နှစ်စဉ်ကျင်းပပြုလုပ်ကြရန် ဆန္ဒများ ပြင်းပြစွာ ဖြစ်ပေါ်နေကြပါတယ်။ သို့သော်လည်း ဗိုလ်မှူးကြီးနှင့် ဆရာလယ်တွင်းသားစောချစ်တို့မှ ကြွရောက်ချီးမြှင့်နိုင်ကြမှသာလျှင် ကျွန်တော်တို့၏ ဆန္ဒ ပြည့်ဝကြမည် ဖြစ်ပါသည်။ သို့မဟုတ် ကျွန်တော်တို့၏ ဆန္ဒ ပြည့်ဝဖို့မလွယ်ကူပါ။ ဗိုလ်မှူးကြီးနှင့် ဆရာကြီးတို့မှ ကျေးလက်တော ရွာဒေသမှာ နေထိုင်ကြရသူ၊ အသိဉာဏ်ပညာ ဖွံ့ဖြိုးမှုမရှိကြသေးသော လူငယ်အများစုတို့ အပေါ်၌ စေတနာ၊ မေတ္တာများထားရှိနိုင်ကြသဖြင့် ကြွရောက်ဟောပြောချီးမြှင့်နိုင်ကြမည် ဆိုလျှင်တော့ ဖြစ်မြောက်အောင်မြင်အောင် ကြိုးစားလိုကြပါသည် ခင်ဗျား။

ယခုလို ကျွန်တော် စာရေးပေးပို့တဲ့အတွက် ဗိုလ်မှူးကြီးရဲ့ လုပ်ငန်းတာဝန်များကို အနှောင့်အယှက်များဖြစ်ခဲ့လျှင် ပညာမရှိသူ တောသားလူရိုင်း ကျွန်တော့်အား မေတ္တာထား ပါသဖြင့် သည်းခံခွင့်လွှတ် နားလည်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည် ဗိုလ်မှူး ကြီး ခင်ဗျား။

ထာဝရ ကြည်ညိုခင်မင်လေးစားစွာဖြင့် ဦးညွှတ်ဂါရဝပြုလျက်။ ကျောက်မောင်ဟူ၍ ဖြစ်ပါသည်။ ဆရာချစ်နိုင်(စိတ်ပညာ)က စာရေးသူ

ပေးပို့လိုက်သော စာကို ရရှိပြီးနောက် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)အား အန်ကယ်ကြီး၏ မန်ကျည်းစောက်ရွာ ဒုတိယအကြိမ် စာပေ ဟောပြောပွဲကို ကျွန်တော်လိုက်ဖြစ်အောင် လိုက်ပါ့မယ်၊ စာရေးဆရာချစ်နိုင်(စိတ် ပညာ)အနေနဲ့ လိုက်မယ်လို့ ပြောသည်ဟု သိရသည်။ ထိုအကြောင်းများကို အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က စာလည်းရေးသည်။ ဖုန်းဆက်၍ လည်းပြောသည်။ အဘက စာရေးရာတွင် လည်းကောင်း၊ ဖုန်းဆက်ရာတွင်လည်းကောင်း ကိုကျောက်ရေ ... ဗိုလ်မှူးကြီးချစ်နိုင်က ဒုတိယအကြိမ် စာပေဟောပြောပွဲကို သူလိုက်ဖြစ်အောင် လိုက်မယ်လို့ အသေအချာပြော ပြီးပြီ။ ဒါကြောင့် ကြိုတင်၍ အစီအစဉ်ဆွဲထားရန် လိုလိမ့်မယ်။ နောက်ပြီးတော့ ကျွန်တော် တို့ရွာ တစ်ပွဲတည်းဆိုလျှင် မသင့်တော်လှဘူး။ စာရေးဆရာကြီးများ လာရမယ့်ခရီးက အလွန်ဝေးလံသော ခရီးကို လာရမှာ။ ဒီတော့ အခြားရွာတွေ၊ နေရာတွေမှာ စာပေဟောပြော ပွဲ လုပ်ဖြစ်အောင် ရာကြံစည်းရုံးနိုင်လျှင် ကောင်းပါမည်။ စာပေခရီးတစ်ခါက်မှာ ၄၊ ၅၊ ၆ နေရာလောက်ဖြစ်နိုင်လျှင် သိပ်ကောင်းပါ့မယ်။ စာရေးဆရာကြီးများက စာပေပရိတ်သတ် များများနဲ့ တွေ့ချင်ကြတယ်။ လူငယ် ကျောင်းသား/သူ တွေနဲ့လည်း များများတွေ့ဆုံ ဟော ပြောချင်ကြတယ်။ အဲဒါ ကိုကျောက် တတ်နိုင်သလောက် ကြည့်လုပ်ပါဦး ဟု အဘက စာရေး သူအား အကြိမ်ကြိမ် ပြောပါသည်။ ထို့ကြောင့် စိုင်ပြင်ရွာ အ.ထ.က(ခွဲ)မှ ကျောင်းအုပ် ဆရာကြီး ဦးသန်းညိုနှင့် လ/ထ ဆရာကြီး ဦးသိန်းဆုတို့နှင့် တွေ့ဆုံညှိနှိုင်းရာ တစ်ပွဲ သေချာသွား၏ ။ တစ်ဖန် ခွန်တောင်းရွာသို့ သွားရောက်ပြီး ဥက္ကဋ္ဌ ကိုဖိုးငွေး၊ အကျိုးဆောင် ကိုဆန်းလင်းတို့အား စည်းရုံးရာ လွယ်ကူစွာ အဆင်ပြေ၏ ။ ဖုတ်ထန်းတော ကျေးရွာအတွက် ကို ရေဦးမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်လင်းက တာဝန်ယူဆောင်ရွက် ပေးသဖြင့် စာရေးသူ သက်သာခွင့်ရ၏ ။ မူလအစီအစဉ်အရ ဆူးတပ်ကျေးရွာတွင် တစ်ပွဲ လုပ်ရန် လျာထားသတ်မှတ်ခဲ့သည်။ ဆူးတပ်ကျေးရွာသည် ဒီပဲယင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဘိုမြင့်၏ မွေးရပ်ဇာတိဖြစ်၏ ။ ဦးဘိုမြင့် က

သူ့ရွာ ဆူးတပ်အတွက် တာဝန်ယူခဲ့သော်လည်း စာပေဟောပြောပွဲရက်နီးမှ ဘာကြောင့် မှန်းမသိ၊ အစီအစဉ်ပျက်သွား၏။ မင်းဆွေနစ်ကျေးရွာ ရ.ယ.က ဥက္ကဋ္ဌ ကိုအောင်ကြီးက လည်း သူ့အုပ်စု ကျေးရွာအတွက် ရဲဝံ့စွာ တာဝန်ယူခဲ့ပြီး အစီအစဉ် ပျက်တော့မလိုလို ရှိ၏။ သို့သော် မ.ယ.က ဦးကျော်နိုင်နှင့် မြို့နယ် ပြန်/ ဆက်ရုံးတို့၏ ဖိအား၊ တွန်းအားတို့ကြောင့် လုပ်ဖြစ်သွား၏။

ဤသို့ဖြင့် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွား ရောက် ၍ မိမိတို့မြို့နယ်အတွင်းမှာ မန်ကျည်းစောက်ရွာ၊ ခွန်တောင်းရွာ၊ မင်းဆွေနစ်ရွာ၊ စိုင်ပြင်ရွာ၊ ဖုတ်ထန်းတောရွာ၊ ဆူးတပ်ရွာတို့တွင် ၂၀၀၉ ခု၊ ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက် အထိ ၃ ရက် ၆ ပွဲ စာပေဟောပြောပွဲများ ပြုလုပ်ရန် တင်ပြအစီရင်ခံရပါသည်။ ဆူးတပ် ကျေးရွာ အစီအစဉ်ပျက်သွားကြောင်းကိုလည်း တင်ပြရသည်။ ဖိတ်ကြားထားသော စာရေး ဆရာများ၏ အမည်များကိုလည်း စာရင်းတင်သွင်း တင်ပြ၍ ခွင့်ပြုချက်ယူရသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က ခွင့်ပြုချက် ပေး၍ ကျွန်တော်ာလည်း ဒီပဲယင်းမြို့တွင် စာပေဟောပြောပွဲတစ်ပွဲ လုပ်ချင်တယ်ဟု ပြော သဖြင့် ဆူးတပ်ကျေးရွာအတွက် သတ်မှတ်ထားသော ရက်ကိုယူရန် တင်ပြရသည်။ ဥက္ကဋ္ဌ ကြီး ဦးကျော်နိုင်က ဒီပဲယင်းမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးမြတင်အား ဖုန်းဆက်ခေါ်ယူ၍ ဦးမြတင်အား 'ဦးမြတင်၊ ကျွန်တော်တို့ ဒီပဲယင်းမြို့နယ်အတွင်းတွင် ၁၁.၁.၂၀၀၉ နေ့ ခွန်တောင်းနှင့် ဒီပဲယင်းမြို့၊ ၁၂.၁.၂၀၀၉ နေ့ ဖုတ်ထန်းတောနှင့် မန်ကျည်းစောက်၊ ၁၃.၁.၂၀၀၉ မင်းဆွေနစ်နှင့် စိုင်ပြင်တို့တွင် စာပေဟောပြောပွဲများ လုပ်ကြလိမ့်မယ်။ အဲဒါ စာပေဟောပြောပွဲ လုပ်ကြမယ့် ရွာတွေကို ခင်ဗျားသွားပြီးတော့ အားလုံး အဆင်ပြေချော မွေ့အောင် ကွင်းဆင်းစီမံဆောင်ရွက်ပါ။ အခက်အခဲရှိလျှင် ကျွန်တော့်ကို တင်ပြပါ။ ကျွန်တော် စိတ်ချနေမယ်' ဟု ညွှန်ကြားပါသည်။

ဒီပဲယင်းမြို့နယ်တွင် ၅ ရွာနှင့် ဒီပဲယင်းမြို့ပါ စာပေဟောပြောပွဲ ၆ ပွဲဟောပြောရန် ရန်ကုန်မှ လာရောက်ကြမည့် စာရေးဆရာ လယ်တွင်းသားစောချစ်၊ ချစ်နိုင်(စိတ်ပညာ)၊ ချစ်ဦးညိုတို့သည် ၉.၁.၂၀၀၉ နေ့က ရန်ကုန်မှ ထွက်ခဲ့ကြ၍ ၁၀.၁.၂၀၀၉ နေ့ နံနက် ၇ နာရီ အချိန်ခန့်တွင် မုံရွာမြို့ ရောက်ကြမည်ဖြစ်သည်။ ရန်ကုန်မှ မုံရွာသို့ ရောက်လာကြ မည့် စာရေးဆရာများအား စာရေးသူတို့က မုံရွာမြို့မှ ဒီပဲယင်းသို့ရောက်အောင် ကြို၍ ခေါ် ဆောင်ရမှာဖြစ်၏ ။ စာရေးသူတို့ ကားမရှိသောကြောင့် စိုင်ပြင်ရွာက ကိုချစ်အောင်ထံသို့ သွားကာ ရန်ကုန်က စာရေးဆရာများ မိမိတို့မြို့နယ်သို့ စာပေဟောပြောရန် ၂၀၀၉၊ ဇန်နဝါရီလ ၁၀ ရက်မှ ၁၄ ရက်နေ့အထိ စာပေခရီးစဉ် မုံရွာမှ ဒီပဲယင်းသို့ ကြို ၁ရက်၊ ဒီပဲယင်းမှ မုံရွာသို့ ပို့ ၁ ရက် မြို့နယ်အတွင်း စာပေဟောပြောပွဲခရီးသည် ၃ ရက်နှင့် အားလုံး ၅ ရက် ကားနှင့် ကြို၊ ပို့၊ သွား၊ လာရမှာ ဖြစ်လို့ ကားအခက်အခဲ ကြုံနေရသဖြင့် ကားရောလူပါ ကူညီပေးပါရန် အကူအညီတောင်းလျှင် ကိုချစ်အောင်က စဉ်းစား၍ ‘ငွေရေး ကြေးရေး စီးပွားရေးနဲ့ဆိုလျှင် ကျွန်တော် တစ်ရက်တစ်သိန်းရတောင်မှ လိုက်နိုင်မှာ မဟုတ် ဘူး။ နေအိမ်ဆောက်လုပ်ဆဲ လုပ်ငန်းတွေနှင့် ကျွန်တော့်စီးပွားရေးလုပ်ငန်းများက မန္တလေး မှာဆိုတော့ လေးကျောက် သိတဲ့အတိုင်းပဲလေ။

ဒါပေမဲ့ လေးကျောက်တို့က ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ ကိုယ့်နယ်၊ ကိုယ့်မြို့၊ ကိုယ့်လူမျိုးများ အသိဉာဏ်ပညာ ဗဟုသုသတ ဖွံ့ဖြိုးတိုးတက်ဖို့ လူထုအကျိုးပြုလုပ်ငန်း တွေ လုပ်နေကြတာဆိုတော့ ကျွန်တော် ဖြစ်အောင် ကူညီပါမည်’ ဟု ဆိုသောကြောင့် ဝမ်း မြောက်ရ၊ ကျေးဇူးတင်ရပါသည်။ ၁၀.၁.၂၀၀၉ နေ့သို့ ရောက်လာခဲ့သဖြင့် စာရေးသူနှင့် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)တို့သည် စိုင်ပြင်သို့ ဆိုင်ကယ်ဖြင့် သွားရောက်လျက် ကိုချစ် အောင် မောင်းနှင်သော ကားလေးဖြင့် မုံရွာသို့ ထွက်ခဲ့ကြသည်။ မုံရွာသို့ နံနက် ၉ နာရီ ရောက်၏ ။ ရောက်လျှင် တိုင်း ပြန်/ဆက်ရုံးသို့ဝင်၍ ရန်ကုန်မှ စာရေးဆရာကြီးများ

ရောက်၊ မရောက် မေးမြန်းရ၏ ။ မရောက်ကြသေးကြောင်း ပြော၏ ။ ရွှေစင်စကြာ မော်တော်ယာဉ် ဖြင့် လိုက်ပါလာကြမည်ဟု သိရသည်။ မုံရွာကားဝိုင်းသို့ ဆက်သွားကြ၏ ။ ကားဝိုင်းရောက် လျှင် ရွှေစင်စကြာ ကားဂိတ်မှူးကို ရန်ကုန်က ထွက်ခဲ့သော ကား၏အခြေအနေ စုံစမ်းရာ ရောက်လုပါပြီ။ ကားစက်ချွတ်ယွင်းနေသဖြင့် ရောက်ချိန်နောက်ကျကြောင်း သိရသည်။

ဤသို့ဖြင့် ၁၀ နာရီ၊ ၁၁ နာရီ၊ ၁၂ နာရီ ထိုးသော်လည်း ကားက ရောက်မလာသေး။ နေ့လယ် ၁ နာရီကျော်မှ ကားဆိုက်ရောက်လာ၏ ။ ကားပေါ်မှ ဆင်းလာကြသော စာရေး ဆရာကြီးများအား ဆီးကြိုနှုတ်ဆက်ကြသည်။ ဆရာချစ်နိုင်(စိတ်ပညာ)က စာရေးသူအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်၏ ။ ဆရာချစ်ဦးညိုနှင့်လည်း မိတ်ဆက်ပေးသည်။ ‘ဒါ မန်ကျည်း စောက်ရွာက အကျိုးဆောင် ဦးကျောက်မောင်၊ ဒါက စာရေးဆရာ ချစ်ဦးညို’။ ဆရာချစ်ဦး ညိုက ‘ဟုတ်ကဲ့ ကျွန်တော် ချစ်ဦးညိုပါ’ဟု နှုတ်ဆက်ကြ၏ ။ စာရေးသူတို့ကဲ့သို့ တိုင်း ပြန်/ ဆက်ရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ ကြိုဆိုနေကြသည်ကို တွေ့ရ၏ ။ စာရေး ဆရာကြီးများသည် မုံရွာတွင် ညအိပ်ကြမည်ဖြစ်၍ မုံရွာဟိုတယ်သို့ ကိုချစ်အောင် ကား လေးဖြင့် ပို့ပေးရသည်။ ထိုနေ့ည မုံရွာမြို့တော်ခန်းမတွင် စာပေဟောပြောပွဲကျင်းပရန် အစီအစဉ်ရှိသော်လည်း ပြန်ကြားရေးဌာန ဝန်ကြီးခရီးစဉ်ရှိသောကြောင့် အရာတော်မြို့ နယ်၊ မလဲသာကျေးရွာသို့ ရက်ချင်းပြောင်းရွှေ့ပေးလိုက်ရကြောင်း ပြန်/ဆက်ညွှန်ကြားရေး မှူးက စာရေးဆရာကြီးများအား ရှင်းလင်းတင်ပြသည်။ စာရေးသူတို့လည်း မုံရွာတွင် ည အိပ်စောင့်ရ၏ ။ စာရေးဆရာကြီးများသည် အရာတော်မြို့နယ်၊ မလဲသာကျေးရွာသို့ သွား ရောက်စာပေဟောပြောကြပြီး မုံရွာဟိုတယ်သို့ ပြန်ရောက် ညအိပ်ရပ်နားကြသည်။

၁၁.၁.၂၀၀၉ နေ့ နံနက် ၅ နာရီအချိန် မုံရွာဟိုတယ်သို့ အရောက်သွား၍ စာရေးသူ တို့က စာရေးဆရာကြီးများကို ခေါ်ဆောင်ကာ ဒီပဲယင်းသို့

ထွက်ခွာလာခဲ့ကြသည်။ ကား ပေါ်တွင် ဆရာ လယ်တွင်းသားစောချစ်က ရှေ့ခန်းထိုင်၍ နောက်ခန်းတွင် ဆရာ ချစ်ဦးညို အား အလယ်မှာထား၍ ဆရာချစ်နိုင်(စိတ်ပညာ)နှင့် အဘဖိုလ်မှူး မျိုးတင့်(ငြိမ်း)တို့က ဘေးတစ်ဖက်စီမှ ထိုင်၍ လိုက်ပါခဲ့ကြ၏ ။ ဆရာချစ်ဦးညိုသည် ညသန်းခေါင်ယံအချိန် မလဲသာစာပေဟောပြောပွဲမှ အပြန် ကားနောက်ခန်းမှ လိုက်ခဲ့ရ၍ လေတိုက်၊ အအေးပတ်၊ အချမ်းမိခဲ့တာကြောင့် နောက်မနက်အထိ အေးချမ်းလျက်ရှိ၏ ။

ရာသီဥတုက အညာဒေသတွင် အလွန်ချမ်းအေးလှသော ဟေမန္တဥတု။ မုံရွာမှ ဒီပဲ ယင်းသို့ လာရာလမ်း ကားပေါ်တွင် ရယ်မောစရာ စကားများ ဆရာချစ်ဦးညိုက ပြောလိုက်၊ ဆရာချစ်နိုင်(စိတ်ပညာ)က ပြောလိုက်၊ ဆရာလယ်တွင်းသားစောချစ်က ဟာသနှောလိုက် နှင့် တဟားဟား ရယ်ရယ်မောမောနှင့် လာခဲ့ကြရာ နံနက် ၆ နာရီ ၄၅ မိနစ်တွင် စိုင်ပြင် ရွာသို့ ရောက်၏ ။ စိုင်ပြင်သို့ရောက်လျှင် ကားရပ် ခဏနား၍ စည်သူ လက်ဖက်ရည်ဆိုင်တွင် အီကြာကွေးနှင့် ကုလားပဲနှပ်တို့ကို စား၊ လက်ဖက်ရည်၊ ကော်ဖီများ သောက်ကြပြီး ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။ ဒီပဲယင်းသို့ နံနက် ၇ နာရီ ၂၅ မိနစ်အချိန် ရောက်ကြသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဝင်ရောက်ကြသည်။ မြို့နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က ကြိုတင်ဖိတ်ကြားထားသော ကြောင့်ဖြစ်၏ ။ ရောက်လျှင် အေးချမ်း၊ ဖြိုးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ဇနီး ဒေါ်ဝေဝေသန်း တို့က ခရီးဦးကြိုပြုလျက် မုန့်တီ နန်းကြီးသုပ်၊ အခြားစားဖွယ်များစွာတို့နှင့် လက်ဖက်ရည်၊ ကော်ဖီများဖြင့် ကျွေးမွေးဧည့်ခံကြသည်။ ဥက္ကဋ္ဌကြီးနှင့် ဇနီးတို့ ကျွေးမွေးသော စားသောက် ဖွယ်တို့ စားသောက်ကြကာ ခွန်တောင်းရွာသို့ ဆက်၍ သွားကြသည်။ ခွန်တောင်းရွာသို့ သွား ရာလမ်းက ကြမ်းလှသဖြင့် ကိုချစ်အောင် ကားလေကို ဒီပဲယင်းရုံးမှာ ထားခဲ့ပြီး ဥက္ကဋ္ဌကြီး ဦးကျော်နိုင်က သူ့ဂျစ်ကားကို ကိုယ်တိုင်မောင်းနှင်၍ လိုက်ပါပို့ဆောင်ပေးပါသည်။

ခွန်တောင်းရွာသို့ရောက်လျှင် ကိုဆန်းလင်း၊ မခင်ဆွေမြင့်တို့အိမ်မှာ ခဏနား ရေချိုး ကြမ်းသောက်ကြပြီး စာပေဟောပြောပွဲ စတင်ကျင်းပကြ၏။ စာပေဟောပြောပွဲ အခမ်း အနားတွင် ရှေးဦးစွာ မ.ယ.က ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကား ပြောကြားသည်။ ဆရာ ချစ်နိုင်(စိတ်ပညာ)က လူဖြစ်ရတဲ့ ရည်ရွယ်ချက်ကို ဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား သားတို့၊ သမီးတို့ အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ တတ်မြောက် အောင် သင်ယူကြပါ။ ယနေ့မျက်မှောက်ခေတ်ဟာ သိပ္ပံနှင့် နည်းပညာခေတ်ဖြစ်တယ်။ အင်္ဂလိပ်စာ ကျွမ်းကျင်တတ်မြောက်ဖို့ အလွန်လိုအပ်နေပါတယ်။ လူဖြစ်ရတဲ့ ရည်ရွယ်ချက် ဟာ ကိုယ်ကျိုးအတွက်တစ်ခုတည်းကြည့်၍ ရှာဖို့၊ လုပ်ဖို့မဟုတ်ဘူး။ လူဖြစ်လာရခြင်းသည် သူတစ်ပါးတို့၏ အကျိုး ပရဟိတ လုပ်ငန်းများကို ဆောင်ရွက်ပေးဖို့ ဖြစ်တယ်။ မိမိတို့က သူ တစ်ပါးတို့၏ အကျိုးကို ဆောင်တယ်။ သူတစ်ပါးတို့က မိမိ၏ အကျိုးများကို ဆောင်ပေးကြ တယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သူ့အကျိုး၊ ကိုယ့်အကျိုး တို့ကို ဆောင်ကြတယ်။ အဲဒါဟာ အညမည သဘောတရားပဲ၊ အဲဒီ အညမညသဘော တရားအတိုင်း အပြန်အလှန်အကျိုးဆောင်ကြမှသာ၊ အကျိုးပြုကြမှသာ မိမိ၊ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားများ ဖြစ်ထွန်းကြ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ကြမှာ ဖြစ်တယ်။ ဒါကြောင့် တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်၊ စိတ်ဝမ်းမကွဲပြား၊ ညီညီညွတ်ညွတ်နဲ့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်မှုပေးနိုင်ကြသော လူတော်လူကောင်းလေးတွေ ဖြစ်အောင် အခြေခံပညာများ၊ အဆင့်မြင့်ပညာများ၊ အင်္ဂလိပ် စာများ တတ်မြောက်အောင် ကြိုးစားသင်ယူကြပါလို့ ဘဘက မေတ္တာဖြင့် တိုက်တွန်းခဲ့ပါ တယ်။

ဆရာချစ်နိုင်(စိတ်ပညာ)က ဟောပြောသွားသည်။ ဆရာချစ်ဦးညိုက အနုပညာဆို သည်မှာ ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ဗေဒါလမ်း(ပန်းပန်လျက်ပါ)၊ ကိုမင်းနောင်၏ ဂျင် မလေးဂျမ်း၊ ဝိုင်အမ်ဘီအေဆရာတင်၏ အမျိုးသားသီချင်းတို့ကို

တစ်ပိုဒ်ချင်းဆိုပြလိုက်၊ အဓိပ္ပာယ်ရှင်းပြလိုက်ဖြင့် ဟောပြောခဲ့သည်။ နောက်ဆုံး ဆရာလယ်တွင်းသားစောချစ်က စာမှဘ၀၊ ဘ၀မှစာ ဟောပြောရာတွင် သူငယ်စဉ်က ကိုယ်တိုင်တွေ့ကြုံခဲ့ရသော အကြောင်း သာဓကတွေကို မှတ်သားဖွယ်၊ လိုက်နာဖွယ်၊ အတုယူဖွယ်၊ ကျင့်သုံးဖွယ်တို့ကို ဟောပြော ပြီး ဟောပြောပွဲ ပြီးစီးသွားပါသည်။

ကိုဆန်းလင်း၊ မခင်ဆွေမြင့်တို့က အမဲသား၊ ငါး၊ အသီးအရွက် ဟင်းမျိုးစုံတို့ဖြင့် နေ့ လယ်စာထမင်းကျွေးသဖြင့် စားသောက်ပြီးလျှင် ရွာသူရွာသားတို့အား ခင်မင်စွာ နှုတ်ဆက်၍ ဒီပဲယင်းသို့ ပြန်ခဲ့ကြသည်။ ဒီပဲယင်းသို့ ရောက်သော် ဆရာစံခန်းမအတွင်း၌ စာပေဟော ပြောပွဲ ဆက်တိုက်လုပ်ရ၏ ။ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာချစ်ဦးညို၊ ဆရာလယ်တွင်း သားစောချစ် အစဉ်လိုက် ဟောပြောကြသည်။ ဒီပဲယင်းမြို့ စာပေဟောပြောပွဲတွင် ကျောင်း သား၊ ကျောင်းသူမြောက်မြားစွာ တက်ရောက်ကြသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ရသည်။ သံဃာတော်များလည်း ကြွရောက်လာကြသည်ကို တွေ့ရ၏ ။ စာရေးဆရာကြီးများသည် သူတို့ တွေ့လိုသော ကျောင်းသားလူငယ်တို့အား ပညာရည်မြင့်မှ လူမျိုးမြင့်မည်၊ ငယ်ရွယ် သူစာသင်သားတို့သည် အနာဂတ်ကာလတွင် အမိနိုင်ငံတော်ကြီး၏ တာဝန်များကို သယ်ပိုး ထမ်းရွက်ကြရမည့်သူများ ဖြစ်ကြောင်း၊ ဒါကြောင့် သားတို့၊ သမီးတို့ဟာ ထူးချွန်ထက်မြက် သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်အောင် ကြိုးစားကြရန်တို့ကို အကျယ်တဝင့် ဟောပြောကြကာ ညနေ ၅ နာရီတွင် စာပေဟောပြောပွဲ သိမ်းခဲ့သည်။

ဒီပဲယင်းမြို့တွင် ညနေစာထမင်းစားပြီး မန်ကျည်းစောက်ကျေးရွာသို့ ပြန်ခဲ့ကြသည်။ မန်ကျည်းစောက်ကျေးရွာသို့ ရောက်လျှင် အဘ ဗိုလ်မှူးမျိုးတင့်(ငြိမ်း)၊ အန်တီဝင်းတို့ တည်းခိုရာ ကိုချစ်မင်း၊ မခင်ဝေတို့အိမ်တွင်ပင် တည်းခိုအိပ်စက်ကြသည်။ ၁၂.၁.၂၀၀၉ နေ့ နံနက် ၅ နာရီခွဲအချိန် အိပ်ရာထ၊

ကိုယ်လက်သန့်စင်ပြီး ကိုချစ်မင်း၊ မခင်ဝေတို့က ထမင်းကြော်၊ ငါးခြောက်ဖုတ်၊ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ မတ်ပဲ၊ ဗယာကြော်တို့ဖြင့် ကျွေးမွေးကြ၏ ။ လက်ဖက်ရည်၊ ကော်ဖီများလည်း တိုက်၏ ။ ထိုစဉ် ကိုချစ်အောင်သည် သူ၏ ကားလေးကို မောင်းနှင်၍ စိုင်ပြင်မှ မန်ကျည်းစောက်ရွာသို့ ရောက်လာ၏ ။ အတူတကွ စားသောက်ကြ၍ နံနက် ၆ နာရီခွဲအချိန်တွင် ဖုတ်ထန်းတောကျေးရွာသို့ စာပေဟောပြော ရန် ခရီးထွက်ခဲ့ကြသည်။ ဖုတ်ထန်းတောကျေးရွာသည် မန်ကျည်းစောက်ကျေးရွာနှင့် မိုင် ၃၀ ဝေး၏ ။ သွားရသော မြေလမ်းဖြစ်သဖြင့် နိမ့်မြင့်၊ ချိုင့်မောက်ကြမ်းတမ်းလှ၏ ။ ကားကို မြန်မြန်မောင်း၍ မရ။ ဖြည်းဖြည်းမောင်းနှင်သွားရ၏ ။ ခရီးကြန့်ကြသည်။ နံနက်နေတော်တော် မြင့်မှ ရောက်၏ ။ ရောက်လျှင် စာပေဟောပြောပွဲအခမ်းအနား ပြင်ဆင်ထားရာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ဝင်ရောက်သွားကြရာ ပျိုရွယ်သူ မိန်းကလေးများက ပန်းစည်း များကမ်း၍ ကြိုဆို၏ ။ လမ်းဘေးဝဲယာမှ ကျောင်းသား/သူလေးများက နိုင်ငံတော်အလံ လေးတွေ ကိုယ်စီကိုင်ဆောင် ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။ အခမ်းအနားပြင်ဆင်ထား သည်မှာ ကောင်းမွန်လှ၏ ။ စာပေပရိတ်သတ်များ မဏ္ဍပ်ကြီးနှင့်အပြည့် ရောက်ရှိစောင့်ဆိုင်း နေကြ၏ ။ စာပေဟောပြောပွဲကို ရောက်ရောက်ချင်း စတင်ရ၏ ။ ရှေးဦးစွာ မ.ယ.က အတွင်း ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောသည်။ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာချစ်ဦးညို၊ ဆရာလယ်တွင်းသားစောချစ်တို့က ကိုယ့်အချိန်နှင့်ကိုယ် ဟောပြောကြပြီးလျှင် စာပေဝါသနာ ရှင်များနှင့် ကျောင်းသား/သူများ၊ ဆရာ/မများ၊ မိတ်ဆွေစစ် စာကြည့်တိုက်မှူးနှင့် ကော် မတီများကစုပေါင်း၍ စာရေးဆရာကြီးတို့အား ရိုသေစွာ ဦးချကန်တော့ကြ၊ ညဏ်ပူဇော်ကြ သည်။ ဟင်းလျာမျိုးစုံတို့ဖြင့် ထမင်းစားကြသည်။ ပြီးလျှင် ဓာတ်ပုံရိုက်ကြ၊ နှုတ်ဆက်ကြပြီး အချိန်လုရ၍ မန်ကျည်းစောက်ရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ မန်ကျည်းစောက် ရွာသို့ရောက်လျှင် တောက်လျှောက် စာပေဟောပြောပွဲ လုပ်ရ၏ ။ အချိန်မရသောကြောင့် ဖြစ်သည်။ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညိုက

နောက်ဆုံးမှ ဟောပြောသည်။ ထိုဟောပြောပွဲသို့ ပတ်ဝန်းကျင်ရွာများ ဖြစ်ကြသော ပျံကျ၊ ကြာခတ်၊ ရွှေဒါးကန်၊ စိုင်ပြင်၊ ငွေးပင်ကုန်း၊ ဘုရားထွက်၊ ကြည်ကျေးရွာတို့မှ စာပေဝါသနာ ရှင် အတော်များများ လာရောက်ကြသည်ကို တွေ့မြင်ရသည်။

နောက်ဆုံးမှ ဟောပြောသော ဆရာချစ်ဦးညိုသည် နေဝင်အောင် ဟောပြောသည်။ မှောင်ရီမှ ဟောပြောပွဲသိမ်းရသည်။ စာပေဟောပြောပွဲသိမ်းလျှင် စာရေးသူတို့အိမ်တွင် ထမင်းကျွေးရသည်။ ကျွေးရသည်က တောဟင်း၊ တောထမင်း။ ပေါင်ဦးပေါ်စ ခွေးတောက် ရွက်ဟင်းနှင့် ခရမ်းသီးနှပ်ချက်။ အဘမိုလ်မှူးမျိုးတင့်(ငြိမ်း)နှင့် ဆရာလယ်တွင်းသားစောချစ် တို့က ခရမ်းသီးနှပ်ချက်ဟင်းကို မြိန်ရှက်စွာ စားကြသည်။ ထမင်းစားပြီးကြသောအခါ ရောင်ခြည်ဦး စာကြည့်တိုက်သို့ သွားရောက်ကြကာ ရွာသူရွာသား လူကြီးလူငယ်များနှင့် တွေ့ဆုံကြ၍ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး စကားပြောကြ၊ နှုတ်ဆက်ကြ၏ ။ ပျော်ပျော်ရွှင်ရွှင် သီချင်းတွေလည်း ဆိုကြသည်။

စာရေးဆရာကြီးများသည် တောသူတောင်သားတွေအား ကရုဏာတရားတို့ဖြင့် သူတို့ နှင့် နီးစပ်အောင် ချဉ်းကပ်ကြစေရန်၊ ခင်မင်ရင်းနှီးကြစေရန် တမင် လမ်းဖွင့်ပေးကြခြင်း ဖြစ်ပေသည်။ ထိုနေ့ည အိပ်စက်ချိန်ကျရောက်လာသဖြင့် ကိုချစ်မင်း၊ မခင်ဝေတို့အိမ်သို့ ပြန်၍ အိပ်စက်ကြသည်။ ၁၃.၁.၂၀၀၉ နေ့ နံနက်မိုးသောက် အလင်းရောက်သော် လက်ဖက်ရည်၊ ကော်ဖီ၊ အကြော်စုံ၊ ထမင်းဆီဆမ်းတို့ကို စားသောက်ကြပြီး နံနက် ၇ နာရီအချိန် မင်းဆွေနစ်ကျေးရွာသို့ စာပေဟောပြောရန် ထွက်ခဲ့ကြသည်။ မင်းဆွေနစ်ရွာသို့ရောက် သော် ကျေးရွာ ရ.ယ.က ဥက္ကဋ္ဌ ကိုအောင်ကြီးအိမ်တွင် ခဏနား၍ ဟောပြောပွဲအခမ်းအနား ပြင်ဆင်ထားသည့် ဘုန်းတော်ကြီးကျောင်းသွားရောက်၍ ဟောပြောပွဲ စတင်ကြ၏ ။

ထိုအခမ်းအနား စတင်လျှင် မ.ယ.က အတွင်းရေးမှူး ဦးဝင်းလွင် အမှာစကားပြော ကြားအပြီးမှာ ဆရာချစ်နိုင်(စိတ်ပညာ)က အရင်ဟောပြောပြီး

ဆရာချစ်ဦးညို ဟောပြော ၏ ။ နောက်ဆုံး ဆရာလယ်တွင်းသားစောချစ်က ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးကို ဟောပြော ရာတွင် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က မျက်ရည်ဖြိုင်ဖြိုင်ကျ၏ ။ ပရိတ်သတ်များကလည်း ရှိုက်ရှိုက်မောမော ငိုကြသည်။ ကိုယ်တိုင်ဟောပြောသူ ဆရာလယ်တွင်းသားစောချစ်သည် ပင် နှလုံးသားဒဏ်ရာ ဟောင်းထိ၍ ဆို့နင့်စွာ ခံစားရသည်ဟု ဆိုပါသည်။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးကို ဟောပြောပြီး အခမ်းအနား ရုပ်သိမ်းသောအခါ ပရိတ် သတ်များသည် မျက်ရည်ကို သုတ်၊ အလွမ်းရုပ်နှင့် မှုန်ရီဝေမှိုင်းစွာ ထ၍ ပြန်ကြ၏ ။ စာပေ ဟောပြောပွဲ ပြီးသောအခါ ရ.ယ. က ဥက္ကဋ္ဌ ကိုအောင်ကြီးအိမ်၌ ထမင်းစားပြီး စိုင်ပြင်ရွာသို့ ခရီးဆက်ခဲ့ကြသည်။ စိုင်ပြင်သို့ ရောက်လျှင် အ.ထ.က(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးသန်း ညိုနှင့် ဆရာ/မများ၊ စိုင်ပြင် ကျေးရွာ ရ.ယ.က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုင်ပြင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရွာမိရွာဖများ ကျောင်းသား/သူများ စောင့်ကြိုနေကြ၏ ။ အ.ထ.က(ခွဲ) ကျောင်းဧည့်ခန်းတွင် ခဏနားနေ၍ ကျောင်းခန်းမအတွင်း၌ စာပေဟောပြောပွဲ ကျင်းပကြ သည်။

ဆရာချစ်နိုင်(စိတ်ပညာ)နှင့် ဆရာချစ်ဦးညိုတို့ ဟောပြောပြီးလျှင် ဆရာလယ်တွင်း သား စောချစ်က အောင်စိတ်ဖြင့် ထူးချွန်အောင်မြင်နည်းကို ကျောင်းသား/သူ အများစုတို့ အား အချိန်အများဆုံးပေး၍ ထက်ထက်သန်သန် ဟောပြောပါသည်။ ကျောင်းသားထု အလွန် များပြားသည်။ အခြားပရိတ်သတ်များလည်း များလှ၏ ။ ကျောင်းခန်းမတွင် ပြည့်နေ၍ အပြင်ဘက် သစ်ပင်ရိပ်အောက်များမှ နားထောင်ကြရသည်။ ဆရာလယ်တွင်းသားစောချစ် ၏ အချိန်အများဆုံး ဟောပြောပွဲဖြစ်၏ ။ စာပေဟောပြောပွဲပြီးလျှင် ရ.ယ.က ဥက္ကဋ္ဌ ဦးမြင့်ဦး တို့အိမ်မှ ဟင်းအမျိုးပေါင်း မြောက်မြားစွာတို့ဖြင့် ထမင်းကျွေး၏ ။ ထမင်းစားပြီးသောအခါ မန်ကျည်းစောက်ရွာသို့ ပြန်ခဲ့ကြလေတော့သည်။

စိုင်ပြင်စာပေဟောပြောပွဲတွင် ဟောပြောနေသော အချိန်တွင်

ရွှေဘိုခရိုင် ပြန်/ဆက် ဦးစီးမှူး ကိုညိုဝင်းနှင့် ရေဦးမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးအောင်လင်း၊ ဒီပဲယင်းမြို့နယ် ပြန်/ဆက်ရုံးဝန်ထမ်းများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၊ စာရေးဆရာချစ်နိုင်(စိတ်ပညာ)အား လာရောက်ကန်တော့ကြသည်။ စိုင်ပြင်မှ မန်ကျည်း စောက်ရွာသို့ ပြန်ရောက်လျှင် အပန်းဖြေနားနေကြပြီး ရောင်ခြည်ဦး စားကြည့်တိုက်သို့ သွားရောက်ကြ၍ စာပေဝါသနာရှင် လူကြီးလူငယ်များတို့နှင့် တွေ့ဆုံ နှုတ်ဆက်ပွဲလုပ်ကြ သည်။ ထိုနေ့ညသည် စာရေးဆရာကြီးများ၏ ဒုတိယအကြိမ် စာပေခရီးစဉ် နောက်ဆုံးည ဖြစ်သည်။ နောက်နေ့ ၁၄.၁.၂၀၀၉ နေ့မှာ မန်ကျည်းစောက်ရွာတွင် တည်းခိုနေထိုင်သွား ရာမှ မုံရွာမြို့သို့ ပြန်လည်ထွက်ခွာသွားကြပေတော့မည်။ စာရေးဆရာကြီးများသည် ရွာသူ ရွာသားတွေအား ရင်းနှီးခင်မင်ကြင်နာစွာဖြင့် တန်းတူရည်တူ ဆက်ဆံကြ၏ ။ ဖော်ရွေကြ၏ ။ အဆင့်အတန်း ခွဲခြားမှု မရှိကြ။ မေတ္တာ၊ စေတနာ ပြည့်ဝကြ၏ ။ ထောင်လွှားမှု၊ အလွန်ထောင် လွှားမှုများမှ ကင်းလွတ်ကြ၏ ။ အဆန်ပြည့်၍ အောင်မြင်သော ကောက်စပါးနှံကဲ့သို့ ကိုင်း ညွှတ်နေကြ၏ ။ နိဝါတမင်္ဂလာနှင့် ပြည့်စုံသူများဖြစ်ကြသည်။ ပညာရှိတို့သည် မာန၊ ထောင် လွှားမှု၊ အတိမာန၊ အလွန်တရာထောင်လွှားမှုများမှ ကင်းကြကုန်၏ ။ နိဝါတ၊ မင်္ဂလာနဲ့ ပြည့်စုံသူများဖြစ်ကြသည်။ ထိုသို့ သဘောရှိသော ပညာရှိပုဂ္ဂိုလ်တို့ကို ပေါင်းဖော်မှီဝဲဆည်း ကပ်အပ်၏ ။ ပေါင်းဖော်မှီဝဲ ဆည်းကပ်ကြသော ပဏ္ဍိတာနဥ္စ သေဝနာ၊ မင်္ဂလာဖြစ်သည်။ နှုတ်ဆက်ပွဲ နောက်ဆုံးညတွင် ပျော်ပျော်ပါးပါး သီချင်းတွေ ဆိုကြ၏ ။ ဗေဒါလမ်း(ပန်းပန် လျက်ပါ)၊ လက်ရည်တစ်ပြင်တည်း၊ ဂျင်မလေးဂျမ်းသီချင်းတို့ကို ဆရာချစ်ဦးညိုက သီဆို သည်။ ဆရာလယ်တွင်းသားစောချစ်က ကိုယ့်ရပ်ဌာနေ၊ ဂျိမ်းဖော့ပွဲတော်၊ ချစ်မိုးကြီး သီချင်း များကို ဆို၏ ။ ဆရာချစ်နိုင်(စိတ်ပညာ) သီဆိုသော သီချင်းများကတော့ အသီးတစ်ရာ အညှာတစ်ခု၊ ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်၊ သစ္စာ တို့ဖြစ်၏ လက်ခုပ်သံတဖြောင်း ဖြောင်းနှင့် ပျော်ကြ၊ ရွှင်ကြသည်။

ဆရာချစ်နိုင်(စိတ်ပညာ)သည် စာပေဟောပြောရာတွင်လည်းကောင်း၊ အလွတ်စကား ပြောရာတွင်လည်းကောင်း အခါခပ်သိမ်း ပြုံးရွှင်ကြည်လင်နေ၏ ။ စေတနာဖြူစင်မှုနှင့် မေတ္တာတရား ထုံမွမ်းနေမှုတို့၏ သဘောလက္ခဏာဖြစ်သည်။ ထို့ကြောင့် ဆရာချစ်နိုင်(စိတ် ပညာ)၏ အကြောင်းကို မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခ ချုပ် ဗိုလ်မှူးကြီး ငွေထွန်း(ငြိမ်း)က ဤသို့ ဆိုထား၏ ။ 'ယခု ဦးချစ်နိုင် ပြောသွားတာဟာ ပြုံးပြုံးရွှင်ရွှင်နဲ့၊ မေတ္တာစိတ် အင်မတန်ပါတယ် မဟုတ်လား။ ဆရာ၊ ဆရာမများ၊ ကျောင်း သူ၊ ကျောင်းသားများ ခင်ဗျား။ ဦးချစ်နိုင်ရဲ့ ဇနီးနဲ့ သမီးနှစ်ယောက်၊ သားတစ်ယောက် ကလည်းပဲ အမြဲတစေ ပြုံးရွှင်ကြည်လင်နေတာပါ။ လူမဆိုထားနဲ့၊ သူ့အိမ်က ကြောင်လေး တွေကိုကြည့်။ ၄၊ ၅ ကောင် အမြဲရှိတယ်။ ကျွန်တော့်အိမ်သို့ ဦးချစ်နိုင်တို့ လာတဲ့အခါ ကြောင်လေးတွေ ပါလာနေတတ်တယ်။ သားတွေ၊ သမီးတွေကို ကျွန်တော်က ပြောပြရ တယ်၊ ကြည့်စမ်း သားတို့၊ သမီးတို့၊ ဦးချစ်နိုင်တို့ မိသားစုဟာ လူတွေကသာ ပြုံးရွှင်ကြည် လင်တာ မဟုတ်ဘူး။ ကြောင်လေးတွေကပါ ကြည်လင်ပြုံးရွှင်နေလို့ ချစ်စရာကောင်းတယ် မဟုတ်လား။ သူတစ်ပါးကို မေတ္တာထားပြီး ပြုံးပြုံးရွှင်ရွှင်နေတာများ အတုယူကြရမယ်လို့ ပြောဖြစ်ပါတယ်'

မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး ငွေထွန်း(ငြိမ်း) က ချီးမွမ်းရေးသားထား၏ ။

ထိုသို့ ပျော်ပျော်ပါးပါး သီချင်းတွေဆိုကြပြီးလျှင် စာပေဝါသနာရှင် လူငယ်များအား လုံးတို့မှ စာရေးဆရာကြီးများအား ရိုသေစွာ ဦးချကန်တော့ကြ၏ ။ ဉာဏ်ပူဇော်ကြ၏ ။ ရွာသူရွာသားများက မနက်ဖြန် ရန်ကုန်သို့ ပြန်ကြတော့မည့် စာရေးဆရာကြီးများအား ညှိုးငယ်ဝမ်းနည်းစွာ နှုတ်ဆက်ကြသည်။ အချို့ ငိုနေကြပြီး နှုတ်မဆက်နိုင်ကြ။ အချို့သော သမီးငယ်လေးများက ရှိုက်ကြီးတငင်ငိုကြွေး၍ နှုတ်ဆက်ကြလျှင် ဆရာချစ်ဦးညိုသည်ပင် လျှင်

မျက်ရည်ဖြိုင်ဖြိုင်စီးကျလျက် နှုတ်ခွန်းဆက်မခြွေနိုင်။ ဆရာလယ်တွင်းသားစောချစ် က ဆုတွေ အများကြီးပေး၏ ။

ရင်းနှီးခင်မင် တွယ်တာမိခဲ့ကြသည်ကြောင့် ခွဲခွာကြရမှာမို့ လွမ်းဆွတ်ကြေကွဲကြ လျက်။ သြော် ... ခင်မင်တွယ်တာမှု သံယောဇဉ်ကြိုးတို့ဖြင့် သွယ်ယှက်ရစ်ပတ်နှောင်ချည် မိကြလျှင် လွမ်းဆွတ်ကြေကွဲ ပူပန်ရခြင်းတို့၏ အကြောင်းတရားများသာ ဖြစ်ချေတော့ သည်ဟု တွေးမြင်မိ၏ ။ သို့ဖြင့် ဝမ်းနည်းစွာ နှုတ်ဆက်ကြပြီး တည်းခိုရာအိမ်သို့ ပြန်ရောက် ၍ အိပ်စက်ကြ၏ ။ ၁၄.၁.၂၀၀၉ နေ့ နံနက် အိပ်ရာထပြီး စာရေးသူတို့အိမ်မှ ထမင်းကြော်၊ သစ်ရွက်ငါးပေါင်းကြော်၊ ဘူးသီးကြော်၊ ဆတ်သားခြောက်ဖုတ်၊ ကော်ဖီတို့ဖြင့် စားသောက် ကြပြီး မန်ကျည်းစောက်ရွာ စိတြရုံသီကျောင်းတိုက် ပဓာနနာယက မြို့နယ်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးအား သွားရောက် ဖူးမြော်ကြည်ညို နှုတ်ခွန်း ဆက်လျှောက်ထားပြီး စိုင်ပြင်မှ ကိုနေလင်း၊ မသင်းသင်းဦးတို့ကားလေးဖြင့် စာရေးဆရာကြီး ၃ ယောက်နှင့် စာရေးသူ၊ အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)တို့ လိုက်ပါ၍ မုံရွာမြို့သို့ ပို့ပေးလိုက် ရပါတော့သည်။ ဆရာချစ်နိုင်(စိတ်ပညာ)သည် ဒီပဲယင်းမြို့နယ် မန်ကျည်းစောက်ကျေးရွာ သို့ နှစ်ကြိမ်ရောက်ခဲ့ဖူးပြီ။ ၁၃.၁.၂၀၀၈ နေ့က ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေ ဟောပြောပွဲတွင် ဆရာလယ်တွင်းသားစောချစ်၊ အံ့မောင်(မုံရွာ)တို့နှင့်အတူ ပထမအကြိမ် ရောက်ခဲ့သည်။ ဒုတိယအကြိမ် စာပေခရီးစဉ်မှာ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦး ညိုတို့နှင့်အတူ ဒီပဲယင်းမြို့နယ်အတွင်း စာပေဟောပြောပွဲ ၆ ပွဲ ဟောပြောရန် ရောက်ခဲ့ သည်။

ဒုတိယအကြိမ် ရောက်ခဲ့သော ဆရာချစ်နိုင်(စိတ်ပညာ)သည် လယ်တွင်းသားစော ချစ်၊ ဆရာချစ်ဦးညိုတို့နှင့်အတူ မန်ကျည်းစောက်ကျေးရွာတွင် ၁၁.၁.၂၀၀၉ မှ ၁၄.၁.၂၀၀၉ နေ့အထိ ၃ ညအိပ် တည်းခိုစခန်းချ ဟောပြောခဲ့ကြသ်ည။ ယင်းသို့ ဒီပဲယင်းမြို့နယ်တွင် ၅ ရွာနှင့် ဒီပဲယင်းမြို့ပါ ၃ ရက်၊

ဟောပြောပွဲ ၆ ပွဲ ခရီးစဉ်ဝယ် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က ခွန်တောင်းရွာနှင့် ဒီပဲယင်းတို့တွင် ကိုယ်တိုင် လိုက်ပါ၍ စီမံခန့်ခွဲ ကူညီဆောင်ရွက်ပေး၏။ ဖုတ်ထန်းတော၊ မန်ကျည်းစောက်၊ မင်းဆွေ နစ်၊ စိုင်ပြင်ပွဲတွေမှာ ဥက္ကဋ္ဌကြီး ဦးကျော်နိုင်က လုပ်ငန်းတာဝန်များကြောင့် လိုက်ပါကူညီ ဆောင်ရွက်ပေးနိုင်မှုမရှိသဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးဝင်းလွင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးတိုးမြင့်တို့အား သူ၏ ကိုယ်စား လိုက်ပါဆောင်ရွက်စေပါသည်။

အတွင်းရေးမှူး ဦးဝင်းလွင်နှင့် ဒုဦးစီးမှူး ဦးတိုးမြင့်တို့ကလည်း စာပေဟောပြောပွဲ လုပ်ရာ ကျေးရွာနေရာတိုင်းတွင် လိုက်ပါ၍ စေတနာအပြည့်အဝ ထက်ထက်သန်သန်ဖြင့် ကူညီဆောင်ရွက်ပေးကြပါသည်။ ကျေးဇူးအထူးတင်ရှိပါကြောင်း ဤစာတမ်းဖြင့် မှတ်တမ်း တင်အပ်ပါသည်။ ၂၀၀၉ ခုနှစ် ဒီပဲယင်းမြို့နယ်တွင် ကျင်းပပြုလုပ်မည့် စာပေဟောပြောပွဲ ၆ ပွဲစလုံး အဖုအထစ် အခက်အခဲမရှိ အဆင်ပြေချောမွေ့အောင်၊ ကိုကျော် ခင်ဗျား ကြိုးပမ်း ဆောင်ရွက်ပါဟု အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က စာရေးသူအား အမိန့်ချမှတ်ပါသည်။

ထို့ကြောင့် စာရေးဆရာကြီးများ မုံရွာနှင့် ဒီပဲယင်းသွားကြိုဖို့၊ ပြန်ပို့ဖို့နှင့် ဟောပြောပွဲ ခရီးစဉ်အတွင်း သွားရေးလာရေးကိစ္စများ၊ ကျွေးမွေးဧည့်ခံရေးကိစ္စများ၊ ရန်ကုန်နှင့် ဒီပဲယင်း အသွားအပြန်ကုန်ကျစရိတ်များ၊ ကန်တော့ရန်၊ ဉာဏ်ပူဇော်ရန်ကိစ္စများ၊ တည်းခိုနေရာချ ထားရေးကိစ္စများကို စာပေဟောပြောပွဲ ပြုလုပ်ကြမည့် ကျေးရွာနေရာများသို့ အခေါက် ခေါက်အခါအခါ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ညှိနှိုင်းရ၊ တိုင်ပင်ရ၊ စည်းရုံး ရ၊ ပြောရဆိုရသည်တို့ကို စာရေးသူတစ်ယောက်တည်း ချာချာလည်အောင် ဆောင်ရွက်ရ၏။ မိမိတို့ မန်ကျည်းစောက်ရွာ စာပေဟောပြောပွဲအတွက်

ကုန်ကျမည့် ရန်ပုံငွေလည်း ရှာရ၊ ကြံရ၊ အလှူခံရသည်မှာ မလေးရှားနိုင်ငံသို့ သွားရောက်ကာ စီးပွားရှာနေကြသော လူငယ် လေးများထံသို့ အလှူခံရသေးသဖြင့် ကိုယ်ရောစိတ်ပါ အလွန်ပင်ပန်းဆင်းရဲရပါ၏။

သို့သော် ပင်ပန်းဆင်းရဲရကျိုးတော့ နပ်ပါသည်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၈ ခုနှစ် မှာ မိမိတို့မြို့နယ်တွင် စာပေဟောပြောပွဲ ၁ ပွဲသာ လုပ်နိုင်ခဲ့သည်။ ယခု ၂၀၀၉ ခုနှစ်မှာ တော့ ၆ ပွဲအထိ တိုးမြှင့်လုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့် စာပေကို လေးစားမြတ်နိုးသူတွေ၊ လိုလား သူတွေ၊ စိတ်ဝင်စားသူတွေ များပြားတိုးတက်လာသည့် စာပေဟောပြောပွဲတို့၏ အကျိုး ရလဒ် တို့ကြောင့်ပါပဲ။

ဒီပဲယင်းမြို့မှ အထက်တန်းပြဆရာ ဦးမြင့်ဦးလေးက စာရေးသူအား ပြောပါသည်။ 'ဦးကျောက်မောင်ရယ် ... ကျွန်တော်တို့နယ်အတွင်းမှာ ဒီလို စာပေပညာရှင် စာရေးဆရာကြီး တွေကို ဖိတ်ကြားပြီးတော့ ဒီလို စာပေဟောပြောပွဲမျိုးတွေ တစ်နှစ်ကို နှစ်ကြိမ်လောက် လုပ်နိုင်ကြရင် သိပ်ကောင်းမယ်ဗျာ'

အခြေခံပညာများ သင်ယူနေကြတဲ့ မျိုးဆက်သစ်လူငယ် ကျောင်းသား၊ ကျောင်းသူ များအတွက် အလွန်တရာ လိုအပ်နေတဲ့အချက်ပဲ။ ဒါဟာ စာပေ၏ တန်ဖိုးကို နားလည်သူ တို့ရဲ့ အမြင်။ စာပေဟောပြောပွဲများ ပြုလုပ်ခဲ့ရာ ကျေးရွာနေရာများမှ စာပေပရိတ်သတ် များသည် စာပေဟောပြောပွဲတို့ကို တမ်းတ၍ နေကြသည်ကို စာရေးသူကိုယ်တိုင် တွေ့ရှိသိ မြင်ရသည်။ လာမည့် ၂၀၁၀ ခုနှစ်မှာလည်း စာပေဟောပြောပွဲများ လုပ်ကြဖို့ကိုလည်း တာ စူနေကြလျက်။ စာရေးသူတို့ ဒီပဲယင်းမြို့နယ်တွင် ၂၀၀၈-၂၀၀၉ နှစ်နှစ်တာကာလမှာ စာပေဟောပြောပွဲ ၇ ပွဲ ကျင်းပလုပ်ကိုင်နိုင်ခဲ့သည်။ ထိုသို့ လုပ်ကိုင်နိုင်ခဲ့တာဟာ ဆရာ ချစ်နိုင်(စိတ်ပညာ)၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။ ထို့နောက် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း) ကြောင့်လည်းဖြစ်ပါသည်။ အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)က ဆရာချစ်နိုင်(စိတ်ပညာ) နေပြည် တော်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေစဉ်

အကြိမ်ကြိမ်ဆက်သွယ်၍ စာကြည့်တိုက်ဖွင့်ပွဲ နှင့် စာပေဟောပြောပွဲ ထမြောက်အောင် ကူညီဆောင်ရွက်ပေးပါရန် တင်ပြတောင်းခံခဲ့သည်။ ဆရာချစ်နိုင်(စိတ်ပညာ)ကလည်း နိုင်ငံတော်တစ်ခုလုံး စာကြည့်တိုက်များ ထွန်းကားပြန့်ပွား ရေးကို ထက်သန်စွာ အားပေးလှုံ့ဆော်စည်းရုံးလျက်ရှိသူ။ ပြည်သူလူထုအားလုံး ဗဟုသုတ အသိပညာမြင့်မားမှ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ကြီးပွားမည်ဟု ခံယူထားသူဖြစ်သည့် အလျောက် အဘ ဗိုလ်မှူး မျိုးတင့်(ငြိမ်း)၏ တင်ပြတောင်းခံချက်ဆန္ဒကို ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးခဲ့သောကြောင့် မိမိတို့ ဒီပဲယင်းမြို့နယ်တွင် နှစ်နှစ်တာအတွင်း စာပေဟော ပြောပွဲ ၇ ပွဲ လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နောက်နောင် နှစ်တွေမှာလည်း စာပေဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ဖို့ တမ်းတနေကြလျက်ပါ။ ပြီးခဲ့ပြီးသော စာပေဟောပြောပွဲများတွင် ဟောပြောသွားကြသော ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညိုတို့ကိုလည်း နောက် နောင်နှစ်များတွင် တွေ့လိုကြ၊ ဆုံလိုကြလျက် ဟောပြောသော စာပေစကားသံတွေကိုလည်း နားဆင်လိုကြ၊ ကြားချင်ကြ၍ တမ်းတလျက်နေကြသည်များကို ဆရာချစ်နိုင်(စိတ်ပညာ) သိစေချင်၊ ကြားစေချင်၊ မြင်စေချင်ပါတော့သည်။

ဆရာချစ်နိုင်(စိတ်ပညာ) သိအောင်၊ ကြားအောင်၊ မြင်အောင် ပြောချင်ပါ၏ ။ မှာချင် ပါ၏ ။ သို့သော် ဆရာချစ်နိုင်(စိတ်ပညာ)နှင့် စာရေးသူတို့ စာပေပရိတ်သတ်များ နေကြရသည့် ဒေသက ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမလွယ် ဖြစ်နေပါသည်။ ဆရာချစ်နိုင်(စိတ်ပညာ)သိအောင် နှုတ်ခွန်းခြွေ၍ တစ်ခွန်းသူ့ကို ပြောလိုက်ချင်ပါသည်။ တမ်းတနေလျက်ပါ ဆရာချစ်နိုင်(စိတ်ပညာ) ဟူ၍ ...။

ကာယစိတ္တ၊ နှစ်ဌာန၊ သုခနှစ်ကဖြာ ပြည့်ကြစေ။

**စောရန်နိုင်(မန်ကျည်းစောက်)**

၂၇.၃.၂၀၀၉

ဦးကျော်မောင်

မန်ကျည်းစောက်ရွာ

ဒီပဲယင်းမြို့နယ်